# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## နိုင်ငံတကာအမျိုးသမီးများနေ့ ထုတ်ပြန်ကြေညာချက်

၂၀၁၁ ခုနှစ်၊ မတ်လ (၈)ရက်

၂၀၁၁ ခုနှစ်၊ မတ်လ(၈)ရက်နေ့သည် နိုင်ငံတကာအမျိုးသမီးများနေ့အဖြစ် ပေါ်ပေါက်လာခဲ့သည့် နှစ်(၁၀၀)ပြည့် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်သည်။ နိုင်ငံတကာ အမျိုး သမီးများနေ့သည် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုနယ်ပယ်အသီးသီးတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ အရိုးစွဲယုံကြည် ချက်ကြောင့် အမျိုးသမီးများအပေါ် တဖက်သတ်ခွဲခြားဖိနှိပ်အနိုင်ကျင့်မှုများမှ လွတ်မြောက်ရန်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့အတွက် လုပ်ရှားဆောင် ရွက်ခဲ့ကြ သော ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးရေးလှုပ်ရှားမှုကြီးကို အသိအမှတ်ပြုရာမှတဆင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဤသမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးသည် အမျိုးသမီး ဖြစ်မှုကြောင့် ဖြစ်ပေါ်တည်ရှိနေဆဲဖြစ်သော ခွဲခြားဖိနှိပ်၊ နှိမ့်ချထားမှုများကို အဆုံးသတ်နိုင်စေရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေကြသည့် ကမ္ဘာတဝှမ်းရှိ အမျိုးသမီးများ၏ ဘုံဆန္ဒများ စုဝေးရာ မဏ္ဍိုင်တစ်ခုလည်းဖြစ်ပေသည်။

မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းရှိ အမျိုးသမီးများသည် အမျိုးသမီးများ၏ဘဝအဆင့်အတန်းမြင့်မားရေးနှင့် အမျိုး သမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုများအားလုံး ပပျောက်ရေးတို့အတွက် မတ်လ(၈)ရက်နေ့ကျရောက်တိုင်း နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို နည်းဟန်မျိုးစုံဖြင့် ကျင်းပပြုလုပ်လျှက်ရှိကြသည်။ ကမ္ဘာတဝှမ်းရှိ အမျိုးသမီးများသည် အမျိုးသမီးရေးလှုပ်ရှားမှုများကို နည်းဟန် မျိုးစုံဖြင့် စတင်ကြိုးပမ်းလာခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း(၁၀၀) ကျော် ရှိလာပြီးဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် အမျိုးသမီးအခွင့်အရေးများအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံအတော်များများတွင် အမျိုးသမီးအခွင့်အရေး၊ ကျားမတန်းတူရေးကိစ္စများကို အလေးပေး ဆွေးနွေးဆုံးဖြတ်ကာ စီမံကိန်းများချမှတ်၍ အကောင်အထည်ဖေါ် လုပ်ဆောင်နေကြသည်။

မိမိတို့ မြန်မာနိုင်ငံတွင်မူ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းစစ်ပွဲ အခြေအနေများနှင့် ငြိမ်းချမ်းရေးကို ဦးမတည်သည့် နိုင်ငံရေးဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် အထိမ်းအမှတ်လှုပ်ရှားမှုများကို ကျင်းပခွင့်ရရန် အလှမ်းဝေးနေဆဲဖြစ်သည်ကို သိမြင်နိုင်ပါသည်။ ယခုအချိန်ကာလအထိ မြန်မာနိုင်ငံအမျိုးသမီးထုတရပ်လုံးမှာ စစ်အာဏာရှင်အဆက်ဆက်၏ ဆိုးရွားသော အုပ်ချုပ်မှုယန္တရားဆိုးများနှင့် နည်းပေါင်းစုံ အခွင့်အရေးချိုးဖောက်မှုများကို ခါးစည်းခံလာကြရကာ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လူမှုကဏ္ဍများတွင် အလွန်အဆင့်အတန်းနိမ့်ကျလျှက်ရှိသည်။

စစ်အာဏာရှင်အစိုးရသည် ယနေ့အချိန်ထိ စစ်မှန်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် အမျိုးသမီးများဘဝ အဖက်ဖက်မှ လုံခြုံမှုရှိစေရေးတို့အတွက် လုပ်ဆောင်ပေး မည့်အစား အတုအယောင် ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းရေးကိုသာ ဦးတည်လုပ်ဆောင်လျှက်ရှိနေပြီး လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်း စစ်အခြေအနေများနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကိုလည်း လျစ်လျူရှုနေဆဲဖြစ်သည်။ ပြည်တွင်းစစ်ဒါဏ်နှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ထောင်ပေါင်းများစွာသော အမျိုးသမီးနှင့် ကလေး သူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများမှာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ တဖက်တွင်လည်း ရွှေ့ပြောင်းအလုပ်သမားဘဝဖြင့် ရှင်သန် ရပ်တည်နေကြရသော မြန်မာနိုင်ငံမှ အမျိုးသမီးများသည် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်များ၊ ဒေသခံအာဏာပိုင်များ၏ နှိပ်ထက်စီးနင်းပြုမှု၊ အတင်းအဓမ္မမပြုကျင့် သတ်ဖြတ်မှုစသည်တို့ကို နေ့စဉ် ကြုံတွေ့ခံစားနေကြရပေသည်။

ထိုသို့ဖြစ်ရခြင်းမှာ နိုင်ငံတော်အား တဖက်တလမ်းမှ ကူညီထောက်ပံ့ပေးသင့်သည့် စီးပွါးရေးဘဝများကို နိုင်ငံတော်မှ လစ်လျူရှုထားခြင်းကြောင့်ဖြစ်သည်။ တဖက်တွင်လည်း အိမ်နီးချင်းနိုင်ငံများအတွင်းရှိ မြန်မာတိုင်းရင်းသူအမျိုးသမီးများအပေါ် နှိပ်ထက်စီးနင်းပြုကျူးလွန်နေမှုများကို မြန်မာသံရုံးများမှ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်ဟု မိမိတို့အဖွဲ့ချုပ်မှ ထုတ်ဖေါ်ပြောကြားလိုပါသည်။ နိုင်ငံတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသမီးများဘဝ အဆင့်အတန်း မြင့်မားရေးတွင် အခြေတည်သည်ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း လူဦးရေတဝက်ကျော်ရှိသော အမျိုးသမီးများဘဝအဆင့်အတန်းမြင့်မားမှသာလျှင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတနိုင်ငံ ဖြစ်လာပေမည်။ အမျိုးသမီးများဘဝအဆင့်အတန်းမြင့်မားရေး၊ ကျားမတန်းတူရေးနှင့် တရားမျှတသော လူ့ဘောင်တရပ်ကိုရှေးရှု၍ စစ်မှန်သော ဖက်ဒရယ်ပြည် ထောင်စုဖော်ဆောင်ရန် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ တိုက်တွန်းလိုက်သည်။

ထို့အပြင် မြန်မာနိုင်ငံ ပြည်သူလူထုတရပ်လုံး ငြိမ်းချမ်းသည့်ဘဝ ရရှိပိုင်ဆိုင်စေရန်နှင့် အမျိုးသမီးများဘဝလုံခြုံမှုရရှိရေးနှင့် တိုးတက်မြှင့်မားသော ဘဝအဆင့်အတန်း ရှိလာစေရေးတို့အတွက် စစ်အာဏာရှင်အစိုးရ တစ်ဖြစ်လဲ ဟန်ပြအစိုးရအား အောက်ပါအချက်များကို လုပ်ဆောင်ပေးရန် ထပ်မံတောင်းဆိုလိုက်သည်။

- တိုင်းရင်းသားဒေသများတွင် ဖြစ်ပေါ်နေသည့် စစ်ပွဲများ အမြန်ဆုံးရပ်ပစ်ပေးရန်နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို အမြန်ဆုံးဖော်ဆောင်ပေးရန်။
- ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသားများနှင့် တိုင်းရင်းသားခေါင်းဆောင်များ အား အမြန်ဆုံး ပြန်လွှတ်ပေးရန်။
- နှစ်ပေါင်းများစွာ စစ်အစိုးရမှ အမျိုးသမီးများအား လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့်လုပ်ဆောင်မှုများ၊ အတင်းအဓမ္မပြု ကျင့်မှုများ တရားဝင်ခွင့်ပြုထား သည့်များကို ရပ်တန့်ပေးရန်။

တိုင်းရင်းသားအခွင့်အရေးနှင့် ကျားမတန်းတူရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်နေကြသော အမျိုးသမီးထုတရပ်လုံးနှင့် စစ်မှန်သည့် ဒီမိုကရေစီရရှိရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို လိုလားကြသော မြန်မာနိုင်ငံအမျိုးသမီးထုတရပ်လုံးမှ ပြည်တွင်းစစ်ငြိမ်းအေးရေးနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိရေးတို့အတွက် တညီတညွတ်တည်း လက်တွဲဆောင်ရွက်ကြပါရန် ပန်ကြားလိုက်ပါသည်။


**ဆက်သွယ်ရန် –**

| | |
|---|---|
| စောစံငြိမ်းသူ | + 66 (0)80 7920 445 |
| ဒေါ်နိုးနိုးထက်စံ | + 66 (0)89 6422 114 |
| ဒေါ်သင်းသင်းအောင် | + 919 891 252 316 |
| စောမြရာဇာလင်း | +88 (0)173 264 9007 |